Karenni National Progressive Party (KNPP)
Headquarters

P.O Box-6, A. Muang, Mae Hong Son 58000, Thailand Email: knpphq2013@gmail.com
Mobile Phone: G.S: +66(0) 8 9553 1296, S.1: +66(0) 6 1313 7004, S.2: +66(0) 6 3074 9087

**ထုတ်ပြန်ကြေညာချက် အမှတ် ဝ၆/၂၀၂၂**

**(၆၂) နှစ်ပြည့် KIO နေ့ အထိမ်းအမှတ်ပွဲအား မြန်မာစစ်ကောင်စီမှ ဗုံးကြဲတိုက်ခိုက်ပြီး အရပ်သားပြည်သူအမြောက်အများ သေဆုံးခဲ့ရမှုအပေါ် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP ၏ သဘောထားထုတ်ပြန်ချက်**

၁။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့ ည (၈း၃၀) ကျော် အချိန်တွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်ရှိ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) တပ်မဟာ (၉) နယ်မြေ အနန့်ပါ ဒေသ၌ (၆၂) နှစ်ပြည့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) နေ့အထိမ်းအမှတ် ဂီတပွဲဖျော်ဖြေပွဲ ကျင်းပပြုလုပ်နေစဉ် မြန်မာစစ်ကောင်စီမှ စစ်ဂျက်လေယာဉ် (၃) စင်းဖြင့် လာရောက်ဗုံးကြဲခဲ့သဖြင့် ကချင်အနုပညာရှင်များအပါအဝင် ကချင်ပြည်သူများစုစုပေါင်း ၅၀ ဦးထက်မနည်းသေဆုံးခဲ့ရပြီး လူဦးရေ (၁၀၀) ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကြားသိရပါဖြင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP အနေဖြင့် ကျန်ရစ်သူ မိသားစုများနှင့်လည်းကောင်း၊ ညီနောင်ခုခံတော်လှန်ရေးမဟာမိတ် KIO နှင့်လည်းကောင်း၊ ကချင်ပြည်သူတစ်ရပ်လုံးနှင့်လည်းကောင်း ထပ်တူဝမ်းနည်းကြေကွဲ ရပါသည်။

၂။ ထိုကဲ့သို့ စစ်ကောင်စီ၏ လူမဆန်သော အကြမ်းဖက်တိုက်ခိုက်မှုကို ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP အနေဖြင့် ပြင်းပြင်းထန်ထန် ရှုံ့ချပါသည်။ ပစ်ခတ်မှု ဖြစ်ပွားခဲ့သည့် နေရာဒေသသည် စစ်ရေးလှုပ်ရှားမှုနှင့် စစ်ပွဲများ ဖြစ်ပွားနေသည့် နေရာဒေသ မဟုတ်သည့်အတွက် စစ်ကောင်စီအနေဖြင့် တမင်သက်သက် အရပ်သားများကို ပစ်မှတ်ထားတိုက်ခတ်ခြင်း ဖြစ်သလို စစ်ရာဇဝတ်မှု (War Crime) အား ကျူးလွန်ခြင်း ဖြစ်ကြောင်း ထင်ရှားပါသည်။

၃။ စစ်ကောင်စီသည် ယခုလို ပြည်သူများအပေါ် ပစ်မှတ်ထားသည့် အကြမ်းဖက်တိုက်ခိုက်များကို မိမိတို့ ကရင်နီလူထုများအပေါ်တွင်လည်းကောင်း၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် အခြားဒေသများတွင်လည်းကောင်း နေ့စဉ် ကျူးလွန်လျက်ရှိပါသည်။ (၆၂) နှစ်ပြည့် KIO နေ့ အထိမ်းအမှတ်ဂီတပွဲကို တိုက်ခိုက်သည့် နေ့တွင်ပင် ကရင်နီပြည်ရှိ ကုန်းသာစစ်ရှောင်စခန်းကိုလည်း စစ်ကောင်စီတပ်မှ အမြောက်ဖြင့် ပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ (၁) ဦး သေဆုံးခဲ့ရပြီး ကလေးငယ်တစ်ဦးအပါအဝင် (၂) ဦး ထိခိုက် ဒဏ်ရာရခဲ့ပါသည်။

၄။ မြန်မာ့တပ်မတော်မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် တိုင်းပြည်အာဏာကို သိမ်းယူပြီးသည့် အချိန်မှစ၍ နိုင်ငံတဝှမ်းတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသော စစ်ကောင်စီ၏ အရပ်သားပြည်သူများအပေါ် တိုက်ခိုက်မှုများကြောင့် ပြည်သူ ၂,၃၀၀ ထက်မနည်း သေးဆုံးခဲ့ရပြီး တစ်သန်းကျော်သည် ၎င်းတို့၏ နေရပ်ကို စွန့်ခွာပြီး ထွက်ပြေးတိမ်းရှောင် နေရသလို ဆိုးရွားသော လူသားချင်းစာနာထောက်ထားမှု အကြပ်အတည်းပေါင်း များစွာကိုလည်း ရင်ဆိုင်ကြုံတွေ့ နေရပါသည်။ ထို့အပြင် ၁၂,၀၀၀ ထက် မနည်းသော ပြည်သူများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် အတိုက်အခံ နိုင်ငံရေးသမားများကိုလည်း မတရားဖမ်းဆီး ချုပ်နှောင်ထားပါသည်။ ဤဖြစ်ရပ်မျိုးကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရများအနေဖြင့် လက်ပိုက်ကြည့် မနေသင့်တော့ဘဲ မြန်မာပြည်သူလူထုကို ကာကွယ်ရန်အလို့ငှာ ပိုမိုထိရောက်သော အရေးယူဆောင်ရွက်မှုများကို အမြန်ဆုံးပြုလုပ်သင့်ပါကြောင်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP မှ အလေးအနက် တောင်းဆိုပါသည်။

၅။ ယခုလို ကချင်လူထုတစ်ရပ်လုံးအတွက် အထူးဝမ်းနည်းကြေကွဲရသည့် အခါသမယတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP အနေဖြင့် ကချင်လူထုနှင့် အတူတကွ ရပ်တည်ပြီး အာဏာရှင်စနစ်မှန်သမျှ အမြစ်ပြတ်ချေမှုန်းရေးနှင့် တန်းတူရေးနှင့် ဒီမိုကရေစီရေးကို အပြည့်အဝ အာမခံပေးမည့် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတစ်ရပ် ပေါ်ထွန်းလာရေးတို့အတွက် လွတ်လပ်မှုနှင့် တရားမျှတမှုကို လိုလားသော အင်အားစုအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဤဝမ်းနည်းခြင်း ထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်အပ်ပါသည်။

ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်။